# ဆေးလိပ်ငွေ့ကင်းသော အဆောက်အဦပြင်ပ စားသောက်ရာနေရာများ

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစတင်သော ဆေးလိပ်သောက်ခြင်းဆိုင်ရာ ကန့်သတ်ချက် အသစ်များ

## ဩစတြေးလျနိုင်ငံ အနောက်ပိုင်းပြည်နယ်အတွင်း အဆောက်အဦပြင်ပ စားသောက်ရာနေရာများတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

ဆေးလိပ်သောက်ရန် ခွင့်ပြုထားသောနေရာမှအပ အဆောက်အဦပြင်ပ စားသောက်ရာနေရာများတွင် ဆေးလိပ်မသောက်ရပါ။

**အဆောက်အဦပြင်ပ စားသောက်ရာနေရာ** ဆိုသည်မှာ အများပြည်သူအသုံးပြုသောနေရာသို့မဟုတ် အများပြည်သူအသုံးပြုသောနေရာ၏ အစိတ်အပိုင်းဖြစ်ကာ -

- စီးပွားရေးအရ အများပြည်သူ စားပွဲများဖြင့်ထိုင်ပြီး **စားစရာ သို့မဟုတ် သောက်စရာ** ကို စားသောက်ကြရန် ခင်းကျင်းထားသည့်နေရာဖြစ်ပြီး
- အကာအရံမပါသော အများပြည်သူသုံးသည့်နေရာ ဖြစ်ရမည်။

ဆေးလိပ်သောက်ခြင်းကို တားမြစ်မှုသည် စားသောက်ဆိုင်များ၊ ကဖေးဆိုင်များ၊ စားမြိန်စာ ရောင်းချသည့်ဆိုင်များ၊ နေ့လည်စာနှင့် အရက်တွဲ၍ ရောင်းချသောဆိုင်များနှင့် အခြား စားသောက်ဆိုင်များကဲ့သို့ လူအများ စားပွဲဖြင့်ထိုင်ကာ  စားခြင်း သို့မဟုတ် သောက်ခြင်းပြုလုပ်သည့် အဆောက်အဦပြင်ပနေရာများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သည့်ဥပဒေ အကျုံးဝင်မည်ဖြစ်သည်။

## လိုင်စင်ရ အရက်ရောင်းချသောနေရာနှင့် ယင်း၏ဥပစာ

စားသောက်ဆိုင်လိုင်စင်မဟုတ်ဘဲ အရက်ရောင်းချရန် လိုင်စင်ရထားသောနေရာမှ တာဝန်ရှိသောသူ (ပိုင်ရှင်/လက်ရှိဆိုင်ဖွင့်သူ) သည် ထိုနေရာမှာ "နံရံများဖြင့် ကာကွယ်ထားသော အများပြည်သူ အသုံးပြုသည့်နေရာ" မဖြစ်သေးလျှင် အဆောက်အဦပြင်ပ ဧရိယာအားလုံး၏ ၅၀%ကို ဆေးလိပ်သောက်ရန်နေရာအဖြစ် သတ်မှတ်နိုင်သည်။

အရက်ရောင်းချရန် လိုင်စင်ရထားသောနေရာအတွင်းမှ **ဆေးလိပ်သောက်ရန် သတ်မှတ်သောနေရာ** သည် -

- စားသောက်ဆိုင်လိုင်စင် အကျုံးဝင်သောနေရာထဲတွင် တည်ရှိနေခြင်းမဟုတ်ဘဲ
- ထိုနေရာတွင်ရှိသော အဆောက်အဦပြင်ပ စားသောက်ရာနေရာဖြစ်ပြီး၊ ထို့အပြင်
- အဆောက်အဦပြင်ပ စားသောက်ရာနေရာတစ်ခုလုံး၏ ၅၀% ထက်မကျော်သော နေရာဖြစ်ရမည်။

ဆေးလိပ်သောက်ရန်နေရာနှင့် ဆေးလိပ်မသောက်ရ သတ်မှတ်သည့်နေရာ ပြသသည့်လိုင်းများကို အချိန်မရွေး ထင်ရှားစွာ ဆွဲပြထားရမည်။ သို့မှသာ သတ်မှတ်နေရာနှစ်ခုမှ လူများမှာ နယ်နိမိတ်ခွဲခြား ကန့်သတ်ထားသောလိုင်းများကို သိသာစွာ မြင်နိုင်မည်ဖြစ်သည်။

ခွင့်ပြုချက်လိုင်စင်ရထားသူ နေရာပိုင်ရှင်များ/လက်ရှိဆိုင်ဖွင့်သူများကို ဆိုင်နေရာတွင် အဆောက်အဦပြင်ပမှ စားသောက်သည့်နေရာများ အပါအဝင် မိမိတို့ဆိုင်ဧရိယာအတွင်း လာရောက်စားသောက်သူများ ဆေးလိပ်ငွေ့ ရှူရှိုက်မိခြင်းနှင့် ဆေးလိပ်သောက်ခြင်း အလားအလာများ လျော့နည်းအောင်ပြုလုပ်ရန် အားပေးတိုက်တွန်းပါသည်၊ ထို့အပြင်မိမိတို့ဆိုင်တွင် ဆေးလိပ်သောက်ခြင်းကို လုံးဝတားမြစ်ခြင်းလည်းပြုနိုင်သည်။

## လိုင်စင်ရ အရက်ရောင်းချသောနေရာမှ ဆိုင်းဘုတ်များ

အများပြည်သူဝင်ထွက်သောတံခါးဝနှင့် သတ်မှတ်နေရာအတွင်း ဆေးလိပ်မသောက်ရသတ်မှတ်သော နေရာအားလုံးတွင် လူအများက ထင်ရှားစွာ မြင်နိုင်အောင် လိုအပ်သောဆိုင်းဘုတ်များကို ချိတ်ဆွဲပြသ သတ်မှတ်ထားရမည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း "ဆေးလိပ်မသောက်ရ" သို့မဟုတ် "ဆေးလိပ်သောက်ခြင်းကို တားမြစ်သည်" သို့မဟုတ် ဆေးလိပ် သောက်ခွင့်မပြုကြောင်း သင်္ကေတများကို ချိတ်ဆွဲပြသထားရမည်။

ဤတားမြစ်ချက်ကို လုပ်ငန်းရှင်များနှင့် မြို့နယ်အလိုက် တာဝန်ရှိသူများက အများပြည်သူထံ ဆက်သွယ်အသိပေးနိုင်ရန်အတွက်

ကျန်းမာရေးဌာနအနေနှင့် သင့်လျော်ရာဆိုင်းဘုတ်များကို ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

## လိုင်စင်ရ အရက်ရောင်းချသောနေရာမှ ဝန်ထမ်းများ

- ဆေးလိပ်သောက်ရန် သတ်မှတ်ပေးထားသောနေရာတွင် ဝန်ထမ်းများကို ဝန်ဆောင်မှုပေးရန်အတွက် အတင်းအဓမ္မ စေခိုင်းခြင်း ပြုခွင့်မရှိပါ။ ဝန်ထမ်းက ဝန်ဆောင်မှုပေးရန် ငြင်းပယ်သဖြင့်လည်း သူ့ကို အလုပ်မထုတ်နိုင်ပါ။

## တားမြစ်ချက်လိုက်နာရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း

- မြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့များက အဆောက်အဦပြင်ပ စားသောက်ရာနေရာများတွင် ဆေးလိပ်မသောက်ရန် ကြပ်မတ်ဆောင်ရွက်ရေးအတွက် အဓိကတာဝန်ရှိသည်။
- ဤတားမြစ်ချက်ဥပဒေအသစ်က မြို့နယ်ကောင်စီများ ကြပ်မတ်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် သဘာပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအရာရှိများ၊ သို့မဟုတ် ရိန်ဂျာခေါ် ကင်းလှည့်စစ်ဆေးသူများကဲ့သို့သော အကူအရာရှိများကို ခန့်အပ်နိုင်ခွင့် ပေးထားသည်။

အရေးကြီးသောအချက်မှာ ဤတားမြစ်ချက်ဥပဒေအသစ်ကို အများပြည်သူ၏ထောက်ခံချက် မြင့်မားစွာရခဲ့ကြောင်းဖော်ပြလိုပါသည်၊ ထို့အပြင် ပြီးခဲ့သော အတွေ့အကြုံများအရ ဩစတြေးလျားနိုင်ငံ အနောက်ပြည်နယ်မှ ပြည်သူအများစုအနေနှင့် လိုက်နာဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

## ပြစ်ဒဏ်များ

အကယ်၍ အဆောက်အဦပြင်ပ စားသောက်ရာနေရာများတွင် ဆေးလိပ်သောက်သောပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရပါက တာဝန်ရှိသူကို အောက်ဖော်ပြပါအတိုင်း ပြစ်ဒဏ်များချမှတ်မည်ဖြစ်သည်။

| | |
|---|---|
| ■ တရားရုံးမှချမှတ်မည့် အမြင့်ဆုံးပြစ်ဒဏ် | ဒေါ်လာ ၂၀၀၀ |
| ■ တရားဥပဒေချိုးဖောက်မှု နို့တစ်စာ | ဒေါ်လာ ၃၀၀ |

## ပိုင်ရှင်/လက်ရှိဆိုင်ဖွင့်သူတို့၏ တာဝန်ဝတ္တရားများ

အကယ်၍ အဆောက်အဦပြင်ပ စားသောက်ရာနေရာများတွင် တစ်စုံတစ်ယောက်က ဆေးလိပ်သောက်သောပြစ်မှုကို ကျူးလွန်ခဲ့လျှင် နေရာပိုင်ရှင်/လက်ရှိဆိုင်ဖွင့်သူကလည်း ပြစ်မှုကျူးလွန်ရာရောက်သည်။ ဤစွဲချက်ကိုချေပနိုင်ရန် နေရာပိုင်ရှင်/လက်ရှိဆိုင်ဖွင့်သူက

- ထိုကဲ့သို့ ပြစ်မှုကျူးလွန်သည်ကို မိမိသတိမထားမိကြောင်း သို့မဟုတ်
- အကယ်၍ သတိထားခဲ့မိလျှင်လည်း ထိုသူဆေးလိပ်မသောက်ရန် မိမိက လိုအပ်သည်များဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ရမည်။

နေရာပိုင်ရှင်/လက်ရှိဆိုင်ဖွင့်သူ လိုအပ်သည်များ ဆောင်ရွက်ခဲ့ခြင်းဆိုသည်မှာ အောက်ပါအချက်များပါဝင်သည် -

- ဆေးလိပ်သောက်နေသူကို သူသည် ပြစ်မှုကျူးလွန်နေကြောင်း အသိပေးခြင်း
- ထို့နောက် ထိုနေရာတွင်ဆေးလိပ်သောက်ခြင်းရပ်ဆိုင်းရန်၊ ဆေးလိပ်မီးငြိမ်းရန်နှင့် ဆေးလိပ်ကို စွန့်ပစ်ရန် မေတ္တာရပ်ခံခြင်း
- အကယ်၍ ဤသို့မေတ္တာရပ်ခံပါလျှက် ထိုသူကဆက်သောက်နေလျှင် ထိုသူကို ဆေးလိပ်သောက်မပြီးမချင်း အဆောက်အဦပြင်ပ စားသောက်ရာနေရာပြင်ပသို့ ထွက်နေပါရန် မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

ပိုမိုသိလိုပါက ဆေးရွက်ကြီးနှင့်ဆေးလိပ်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဌာနကိုဆက်သွယ်ပါ။

တယ်လီဖုန်း - ၁၃၀၀ ၇၈၄ ၈၉၂

အီးမေးလ် - tcb@health.wa.gov.au ကို ဆက်သွယ်ပါ။

**Disclaimer:**
The information contained in this factsheet has been produced as a guide only.
To view the full details in the relevant Tobacco Control legislation,
visit www.health.wa.gov.au/tobaccocontrol

HP 11901 OCT'10